# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
# ပါတီစည်းမျဉ်း နှင့် ဖွဲ့စည်းပုံ

## နိဒါန်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုကြီးတစ်ရပ်လုံးသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်ရန် အစဉ်တစိုက် အားထုတ်ကြိုးပမ်းခဲ့ကြသည်။

၂။ ပြည်သူတို့၏ဆန္ဒနှင့် ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်၊ နိုင်ငံတော်၏ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ကုန်သည်စီးပွားလုပ်ငန်းရှင်များ လူငယ်ကျောင်းသားများ၊ တတ်သိပညာရှင်များ၊ အနုပညာရှင်များ၊ တိုင်းရင်းသားလူမျိုးများနှင့် လူထု လူတန်းစားအလွှာ အသီးသီးမှ ပြည်သူတို့ကိုကိုယ်စားပြုသော နိုင်ငံရေးအဖွဲ့ပေါင်းချုပ်ကြီးတစ်ရပ် လိုအပ်ပါသည်။

၃။ ထိုအချက်ကို အကြောင်းပြု ၍ <u>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်</u> National League for Democracy ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၂၇) ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (ဥပဒေအမှတ်– ၄/၈၈) အရ ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

၄။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၈) ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (ဥပဒေအမှတ် ၂ / ၂၀၁၀)ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လက်မခံနိုင်သည့် ပြဋ္ဌာန်းချက်များ ပါရှိနေသည်။ ထို့ကြောင့် ယင်းဥပဒေပုဒ်မ–၂၅ အရ နိုင်ငံရေးပါတီအဖြစ် ထပ်မံ မှတ်ပုံတင်ခြင်းမပြုရန် အဖွဲ့ချုပ်၏ ဗဟိုကော်မတီဝင်များက ကန့်ကွက်သူမရှိ ဆုံးဖြတ်ခဲ့ကြပါသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်–၁၁ )အား ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေကို အဖွဲ့ချုပ်က လက်ခံနိုင်သဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ထောင်ဖွဲ့စည်းလိုက်ပါသည်။

## အခန်း (၁)

၄။ အမည် ။ အဖွဲ့ချုပ်၏အမည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် National League for Democracy ဟု ခေါ်တွင်စေရမည်။

၅။ တံဆိပ် ။ အဖွဲ့ချုပ်၏ တံဆိပ်သည် အနီရောင်အောက်ခံပေါ်တွင် ရွှေရောင်ခွပ်ဒေါင်း၏ ဝဲဖက်ထိပ်စွန်း၌ ထောင့်ငါးထောင့်ရှိ ကြယ်ဖြူဖြစ်သည်။ တံဆိပ်အောက်ခြေတွင် ''အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်''ဟူသော အဖြူရောင်စာသားပါရှိသည်။ တံဆိပ်၏ အနားကွပ်မှာ ရွှေရောင်ဖြစ်သည်။ တံဆိပ်မှာ စတုဂံပုံဖြစ်ပြီး စံပြုအရွယ်အစားမှာ ၁း ၁. ၆၂၅ ဖြစ်ပါသည်။

၆။ အလံ ။ အဖွဲ့ချုပ်၏အလံသည် အနီရောင်အောက်ခံပေါ်တွင် ရွှေရောင်ခွပ်ဒေါင်းနှင့် ဝဲဖက် ထိပ်စွန်း၌ ထောင့်ငါးထောင့်ရှိ ကြယ်ဖြူပါရှိသည်။ အလံမှာ တံဆိပ်၏ အချိုးအစား အတိုင်း ဖြစ်ပါသည်။

**အ မျိုး သား ဒီ မို က ရေ စီ အ ဖွဲ့ ချုပ် အ လံ ၏ အ ဓိ ပါယ် ဖွင့် ဆို ချက်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလံတွင်အသုံးပြုထားသော အရောင်များနှင့် ပတ်သက် အောက်ပါအတိုင်း အဓိပါယ်ဖွင့်ဆိုသည်။

-အနီရောင်သည် ရဲရင့်ခြင်း၊ သူရသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း။

-အဖြူရောင်သည် ဖြူစင်ခြင်း၊ ရိုးသားခြင်း။ သစ္စာရှိခြင်း။

-ရွှေဝါရောင်သည် မြင့်မြတ်ခြင်း၊ ဂုဏ်ရည်ပြောင်ခြင်းကို ရည်ညွှန်းသည်။

-အလံတွင် အသုံးပြုထားသော ကြယ်ဖြူကြီးမှာ ပြည်ထောင်စုနှင့် ဒီမိုကရေစီ အရေးတော်ပုံကို ရည်ညွှန်းသည်။

-ခွပ်ဒေါင်းမှာ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင် ခဲ့သော ကျောင်းသားလူငယ်မျိုးဆက်၏ အားမာန်ကို ရည်ညွှန်းသည်။

## အခန်း (၂)

## ရည်ရွယ် ချက်

၇။ (က) အများပြည်သူတို့၏ ဆန္ဒနှင့်ကိုက်ညီ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာစေရန်။

(ခ) ရည်ရွယ်ချက်(က)ကို ဖြစ်မြောက်စေရန် ပြည်သူလူထု၏ ညီညွတ်မှုအင်အားကို အခြေခံရန်။

(ဂ) နောင်ခေတ်အဆက်ဆက်၌ မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့်အညီ ဒီမိုကရေစီ ပြည်ထောင်စုကြီးအဖြစ် တည်ထွန်းစေရန်။

(ဃ) အာဏာရှင်ဆန် ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုး မည်သည့်အခါမျှ ပေါ်ပေါက်ခြင်း မရှိစေရေးအတွက် လုပ်ကိုင်ဆောင်ရွက်သွားရန်။

(င) ကမ္ဘာတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် နိုင်ငံတကာနှင့်ဆက်သွယ် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)

## ဖွဲ့ စည်း ပုံ

၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

(က) အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာညီလာခံကြီး။

(ခ) ဗဟိုကော်မတီ။

(ဂ) ဗဟိုကော်မတီက တင်မြှောက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်-

(ကက) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ပါဝင်မည်။

(ခခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တင်မြှောက်သော သဘာပတိအဖွဲ့ ရှိမည်။ ယင်းအဖွဲ့ကို နာယက က ဦးဆောင်မည်။

(ဂဂ) တိုင်းဒေသကြီး / ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့များ။

(ဃဃ) ခရိုင်အလုပ်အမှုဆောင်အဖွဲ့များ။

(ငင) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များ။

(စစ) ရပ်ကွက် / ကျေးရွာအုပ်စု အလုပ်အမှုဆောင်အဖွဲ့များ။

မှတ်ချက်။ မူအားဖြင့် အထက်အောက်အဖွဲ့အစည်းများကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်ဖြစ်သော်လည်း အခြေအနေအရ အရေးပေါ် ဖွဲ့စည်းရန် လိုအပ်ပါက၊ ဒီမိုကရေစီနည်းကျကျ ညှိနှိုင်းမှုဖြင့် ဖွဲ့စည်းသွားမည်။

(ဆဆ) ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့။

(ဇဇ) ဗဟိုလူငယ်လုပ်ငန်းအဖွဲ့။

## ပါ တီ စည်း မျဉ်း နှင့် ဖွဲ့ စည်း ပုံ ကို ပြင် ဆင် ခြင်း

- နိုင်ငံလုံးဆိုင်ရာညီလာခံတွင် ဗဟိုကော်မတီ၏ သုံးပုံနှစ်ပုံ ဆန္ဒမဲဖြင့် ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်သည်။
- နိုင်ငံလုံးဆိုင်ရာညီလာခံ ကျင်းပခြင်းမပြုနိုင်သည့် ကာလများတွင် ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံကို လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြင်ဆင်နိုင်ခွင့်ရှိသည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို အနီးကပ်ဆုံး ညီလာခံတွင် တင်ပြအတည်ပြုရမည်။

## အခန်း (၄)

## အ ဖွဲ့ ဝင် များ အ ဖြစ် လက် ခံ ခြင်း

၉။ အဖွဲ့ဝင်များအဖြစ် လက်ခံခြင်းကို အောက်ပါအတိုင်း သတ်မှတ်သည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားများ၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

(ခ) အဖွဲ့ချုပ်၏ အဖွဲ့ဝင်ပုံစံဖြင့် လျှောက်ထားပြီးသူများကို အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့် အညီ စိစစ်ပြီး လက်ခံမည်။

## အခန်း (၅)

## စည်း ကမ်း ချက် များ

၁၀။ အဖွဲ့ဝင်များအတွက် အောက်ပါစည်းကမ်းချက်များကို ပြဋ္ဌာန်းသည်။

(က) အဖွဲ့ချုပ်အဖွဲ့ဝင်များသည် ဤအဖွဲ့ချုပ်၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ယုံကြည် လက်ခံ စည်းမျဉ်းစည်းကမ်းနှင့် ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) အဖွဲ့ချုပ်အဖွဲ့ဝင်များသည် ဝါဒစွဲ၊ ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ လုံးဝမပါစေရ။ ပုဂ္ဂိုလ်ရေးရာ၊ လူမျိုးရေးရာ တိုက်ခိုက်မှု လုံးဝမရှိစေရ။

(ဂ) ဆုံးဖြတ်ချက်တိုင်းသည် ဒီမိုကရေစီနည်းဖြင့် အများသဘောတူ ဆုံးဖြတ်ချက်မျိုးသာလျှင် ဖြစ်စေရမည်။ ဤကဲ့သို့ ဒီမိုကရေစီနည်းဖြင့် အများဆုံးဖြတ်ချက်ကို အဖွဲ့ဝင်တိုင်း လိုက်နာရမည်။

(ဃ) အဖွဲ့ဝင်များသည် အဖွဲ့ချုပ်က အခါအားလျော်စွာ သတ်မှတ်သောဝင်ကြေးနှင့် အခြား သတ်မှတ်ကြေးများကို ပေးဆောင်ရမည်။

(င) ဒီမိုကရေစီရေးကိုသော်လည်းကောင်း၊ ပြည်ထောင်စုအကျိုးစီးပွားကိုသော်လည်းကောင်း၊ ထိပါးစေမည့် အပြောအဆို အပြုအမူများနှင့် အကျင့်စာရိတ္တ ပျက်ပြားမှုများကို ရှောင်ကျဉ်ရမည်။

(စ) အဖွဲ့ချုပ်၏ နိုင်ငံရေးဦးတည်ချက်နှင့် စည်းရုံးရေး၊ ဖွဲ့စည်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များသည် ဘာသာရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ တိုက်ခိုက်ပြောဆိုမှု၊ သွေးထိုး လှုံ့ဆော်မှုများကို ရှောင်ကြဉ်ရမည်။

(ဆ) အဖွဲ့ချုပ်အဖွဲ့ဝင်တိုင်းသည်၊ အဖွဲ့ချုပ်၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အဖွဲ့ချုပ်၏စည်းရုံးရေးနှင့် ညီညွတ်ရေးကိုလည်းကောင်း၊ ထိခိုက်ပျက်ပြား စေမည့် အကြောင်းကိစ များကို မည်သည့်နည်းနှင့်မျှ အားထုတ်လုပ်ဆောင်ခြင်းမပြုရ။

(ဇ) အဖွဲ့ချုပ်နှင့်စပ်လျဉ်းသည့် အလံ၊ တံဆိပ်၊ ဓါတ်ပုံ၊ ပြက္ခဒိန်၊ မှတ်တမ်းစာအုပ်၊အကျီ၊ တီ ု ပ်၊ အထိမ်းအမှတ်ပစ ည်းများ၊ ပုံရိပ်များ စသည်တို့ကို အဖွဲ့ချုပ်(ဗဟို)ကစိစစ်ပြီး တာဝန်ပေးထားသည့်အဖွဲ့များ၊ လုပ်ငန်းဌာနများမှလွဲ မည်သည့်အဖွဲ့ဝင်ကမျှ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းတို့ မပြုလုပ်ရ။

(ဈ) အဖွဲ့ချုပ်၏ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ ဖောက်ဖျက်ခြင်းများရှိလျှင် အလုပ် အမှုဆောင်အဖွဲ့ အဆင့်ဆင့်တွင် စုံစမ်းစစ်ဆေး အရေးယူနိုင်သည်။ အရေးယူခြင်းခံရ သူသည် နိုင်ငံလုံးဆိုင်ရာညီလာခံအထိ အဆင့်ဆင့် အယူခံနိုင်ခွင့် ရှိစေရမည်။

(ည) အဖွဲ့ဝင်များ လိုက်နာရမည့် စည်းမျဉ်းများကို နိုင်ငံလုံးဆိုင်ရာညီလာခံ၊ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏
## နိုင်ငံရေးဝါဒသဘောတရား နှင့် လုပ်ငန်းစဉ်များ

## နိ ဒါန်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင့်သုံးသွားမည့် နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကျွန်ုပ်တို့သည် ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ပါ်ရှိသော လူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းနှင့် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတို့ကို အစွမ်းကုန် လိုက်နာကျင့်သုံးမည်။
- ကျွန်ုပ်တို့သာမက နောင်လာမည့် မျိုးဆက်တို့သည် မည်သည့်အခါမျှ လူ့အခွင့်အရေးများ မဆုံးရှုံး စေရဟူသောမူဖြင့် ခိုင်မာသော ဒီမိုကရေစီအုတ်မြစ် ချထားမည်။
- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတို့ကို ပြည်ထောင်စုသားအားလုံးတို့၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအင်အားပေါ်တွင် အခြေခံကာ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်မည်။

## နိုင် ငံ ခြား ရေး ကဏ္ဍ

၁။ နိုင်ငံတကာနှင့် ဆက်ဆံရေးတွင် အမှန်တကယ် တက်ကြွလွတ်လပ်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံး နိုင်ငံရေးအရ ချစ်ကြည်ရင်းနှီးမှုရှိအောင် ဆောင်ရွက်မည်။ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရာ၌ ပေါ်ပေါက်လာသော အရေးကိစ္စရပ်များတွင် စစ်မှန်သော ဒီမိုကရေစီအခြေခံများဘက်က ခိုင်မာစွာရပ်တည်မည်။

၂။ နိုင်ငံအချင်းချင်းအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ ဖော်ထုတ် ပူးပေါင်းဆောင်ရွက်ကြမည်။ အထူးသဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီမံကိန်းများတွင် ဒေသ၏အကျိုးကို ဦးတည် လက်တွဲ ဆောင်ရွက်မည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ စသည်တို့နှင့် ရင်းနှီးခိုင်မာစွာ ဆက်ဆံမည်။

၄။ နိုင်ငံတကာနှင့်ဆက်သွယ်ရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ ကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်သွားမည်။

## တိုင်း ရင်း သား လူ မျိုး များ ကဏ္ဍ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးအားလုံးတို့၏ ညီညွတ်စည်းလုံးမှု၊ ဆန္ဒတူညီမှုတို့ အပေါ်တွင်အခြေခံ တည်ထောင်ခဲ့သော နိုင်ငံတစ်ခုဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း လုံးဝငြိမ်းချမ်းရေးအတွက် တတ်စွမ်းသမျှ ဆောင်ရွက်သွားမည်။ တိုင်ရင်းသားလူမျိုးများ၏ မကျေနပ်မှုများကို လျစ်လျူရှုထားမည်မဟုတ်ပါ။

တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူရည်တူ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ စိတ်ထားစေတနာ ဖြူစင်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တစ်ဦး၏အယူအဆ တစ်ဦးလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေး လေးစား ယုံကြည်ခြင်း၊

တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာ ဖွံ့ဖြိုးတည်ထွန်းစေရေးအတွက် လုပ်ဆောင်ကြိုးပမ်းမည်။ ဤအချက်များကို အထူးအလေးအနက်ထား ပူးပေါင်းဖြေ ှင်းကြလျှင်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုသားအချင်းချင်း သဟဇာတဖြစ်ရေးတို့သည် မုချအောင်ပန်းဆင်နိုင်မည့် ရည်မှန်း ချက်များဖြစ်သည်ဟု ယုံကြည်သည်။

ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအဖြစ် စီးပွားရေးအင်အား ခိုင်မာတောင့်တင်းစွာ ရပ်တည်နိုင်ရေးကို လိုလားသည့်အလျောက် တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို လွတ်လပ်စွာဆောင် ွက်နိုင်ရေးအတွက် ဦးတည်မည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီး တစ်ခုလုံး သာယာဝပြောရေးတို့ သဟဇာတဖြစ်စေမည့်မူကို လက်ကိုင်ကျင့်သုံး တိုင်းရင်းသား လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ထုတ်မည်။ တိုင်းရင်းသားများ၏ရည်မှန်းချက်များကို အကောင်အထည် ဖော်ရန် နိုင်ငံရေးဖြေ ှင်းမှု လိုအပ်သည်ဟု ယုံကြည်သည်။

## <u>စီး ပွား ရေး ကဏ္ဍ</u>

စီးပွားရေးမူဝါဒ၏ အနှစ်သာရသည် လွတ်လပ်မှု၊ တည်ငြိမ်မှု နှင့် လူမှုရေးတရားမျှတမှုတို့ ဟန်ချက်ညီ ဥပဒေစိုးမိုးမှုကို အခြေခံသော ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရေးဖြစ်ပြီး တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ရေတိုအကျိုးအမြတ်နှင့် ရေ ှည်အမြော်အမြင်၊ တစ်ဦးချင်းလူနေမှုအဆင့်အတန်း မြင့်မားခြင်းနှင့် လူမှုဘဝသိက္ခာ အစ ှိသည်တို့ သဟဇာတဖြစ်စေခြင်းမှတစ်ဆင့် လူမျိုးအားလုံး ခွင့်တူညီမျှ အလုပ်လုပ်နိုင်မှုနှင့် အခွင့်အလမ်းများ ရ ှိစေပြီး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဒေသအလိုက်လူမျိုးများအကြားတည် ှိနေသည့် လူမှုစီးပွားရေးမညီမျှမှုများ လျော့နည်းစေရေးတို့ ဦးတည်မည်။ ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအာဏာများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးခြင်း (decentralization)၊ ချုပ်ကိုင်မှုလျော့ချခြင်း (liberalization)၊ ပုဂ္ဂလိကကဏ္ဍကို အားပေးခြင်း၊ လူသားရင်းမြစ်တိုးတက်စေခြင်းတို့သည် မဟာဗျူဟာဖြစ်သည်။

## <u>လုပ်ငန်းစဉ်</u>

- နိုင်ငံတော်၏အသုံးစရိတ်များတွင် ကျန်းမာရေး နှင့် ပညာရေး အစဉ်ပိုမိုကျခံသုံးစွဲရင်းနှီးခြင်းဖြင့် လူသားရင်းမြစ်ဖွံ့ဖြိုးမှုကို ထောက်ကူပြုမည်။
- နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ရေးဆွဲရာတွင် ကာလ ှည်တွင် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ရလဒ်များကို အလေးပေးထည့်သွင်းစဉ်းစားရမည်။ ထို့ပြင် စီမံကိန်းများတည်ဆောက်ခြင်းကြောင့် ထိခိုက်နေရသူများအတွက် လုံလောက်သော သက်သာခွင့်များရ ှိစေရန် စီစဉ်မည်။
- ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှုများကို ငွေစက ူသစ်များ ိုက်နှိပ် ဖြေ ှင်းခြင်းမပြုလုပ်ဘဲ အခြားသော နည်းလမ်းများဖြင့် ဖြေ ှင်းမည်။
- တာဝန်သိသော၊ နည်းပညာမြင့်မားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည်။
- ပြည်တွင်းနှင့် ပြည်ပပုဂ္ဂလိက ကဏ္ဍမှ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီး စေရန် ဆွဲဆောင်တွန်းအားပေးမည်။
- အမြတ်အစွန်း အဓိကမထားသော လူမှုစီးပွားရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် အခွန်သက်သာခွင့်ပေးမည်။

- နိုင်ငံပိုင်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအားလုံး ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ နိုင်ငံတကာဘဏ္ဍာရေးကော်မရှင်၊ ကမ္ဘာ့ဘဏ်တို့နှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်။

**<u>ပညာရေး ကဏ္ဍ</u>**

- နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပညာသင်ယူခွင့်ရှိရမည်။ မသင်မနေရ မူလတန်းပညာရေးကို ကလေးတိုင်း အခမဲ့သင်ယူခွင့်ရှိရေးကို ဦးတည်မည်။ အလယ်တန်း၊ အထက်တန်းဆင့် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ရေး ဦးတည်မည်။
- မြန်မာဘာသာစကား အခက်အခဲရှိသော တိုင်းရင်းသားမျိုးနွယ် ကလေးများအတွက် အထောက်အကူဖြစ်စေမည့် ပညာရေးလုပ်ငန်း အစီအစဉ်များကို ထည့်သွင်းရေးဆွဲမည်။ ပုံမှန်(formal education )ကျောင်း ပညာသင်ယူရန် အခက်အခဲရှိသည့် အရွယ်ရောက်ပြီး ကလေးလူငယ်များအတွက် ကျောင်းပြင်ပပညာရေး (non formal education or alternative education) အထူးအစီအစဉ်များ ဆောင်ရွက်မည်။
- အဆင့်မြင့်ပညာရေး(tertiary education)တွင် သိပ္ပံနှင့်နည်းပညာ၊ လူမှုရေးသိပ္ပံပညာ၊ အနုသုခုမပညာ အစရှိသည့် ပညာရပ်များကို ခေတ်နှင့်လျော်ညီသည့် သင်ရိုးများရေးဆွဲပြဋ္ဌာန်းမည်။ အဆင့်မြင့်ပညာသင်ယူခွင့်ရှိသူတိုင်း ပညာဆက်လက် သင်ယူနိုင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးမည်။ ဆရာ၊ ဆရာမများနှင့် အခြားပညာရေးဝန်ထမ်း အရည်အသွေးပြည့်မီ တိုးတက်နေစေရန် ပညာရေးသုတေသနလုပ်ငန်းများကို အားပေးမည်။ ယင်းတို့ ဆက်လက်ပညာဆည်းပူးနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးသွားမည်။
- ပုဂ္ဂလိက(private schools) ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ထက်၊ လယ်၊ မူ ပညာရေး လုပ်ငန်းအစီအစဉ်များကို ခေတ်နှင့်အညီ၊ အရည်အသွေးပြည့်မီအောင် ကြီးကြပ်သည့် လုပ်ငန်းများကို စနစ်တကျ ချမှတ်သွားမည်။
- မူကြို(ငယ်ရွယ်စဉ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး) ပညာရေးကို မည်သည့်ဌာနတွင် တာဝန်ရှိသည်ကို သတ်မှတ်ပြီး၊ လိုအပ်သလို ဆောင်ရွက်ရမည်။
- ပညာရေးအဆင့်ဆင့်ဆိုင်ရာ စာရင်းဇယား၊ သတင်းအချက်အလက် စုဆောင်းပြုစုရေးနှင့် ယင်းအချက်အလက်များအပေါ် အခြေခံသည့် စီမံခန့်ခွဲမှုစနစ် ပေါ်ပေါက်စေရန် ဆောင်ရွက်မည်။
( Education Management and Information System )

**<u>ကျန်းမာရေး ကဏ္ဍ</u>**

- ပြည်သူလူထုအတွက် အဓိကလိုအပ်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့်ကူးစက်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်။ ခုခံအားကျဆင်းမှုရောဂါ HIV/ AIDS ငှက်ဖျားရောဂါ Malaria နှင့် အဆုတ်ရောဂါ TB တို့၏ ဖြစ်နှုန်းများကို လျှော့ချရန် နှင့်

လိုအပ်သော ဆေးဝါးများ မပြတ်လတ်စေရန် ဆောင်ရွက်သွားမည်။ ထောင်စုနှစ် ရည်မှန်းချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်မည်။

- နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်သည့် ခိုင်မာပြီး အရည်အသွေးရှိသော ကျန်းမာရေးဝန်ဆောင်မှုစနစ် ဖြစ်စေရန် ဦးတည်ဆောင်ရွက်မည်။ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ( Millennium Development Goals)တွင်ပါရှိသည့် ကျန်းမာရေးဆိုင်ရာ ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနများမှအစ အစိုးရဆေးရုံ၊ ဆေးပေးခန်းများတွင် အရည်အသွေးရှိသော ဆေးကုသမှုနှင့် အခြားကျန်းမားရေးဝန်ဆောင်မှု လုပ်ငန်းများကို တာဝန်ရှိပုဂ္ဂိုလ်များမှ ကျန်းမာရေးဝန်ထမ်းကျင့်ဝတ် (Medical Ethnic )နှင့်အညီ ဆောင်ရွက်စေရန် လိုအပ်သည့် ကြီးကြပ်မှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်မည်။ ဆက်သွယ်ရေး ခက်ခဲသော တိုင်းရင်းသားဒေသများ ကျန်းမာရေးစောင့်ရှောက်မှု အထူးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။
- ဆေးပညာရပ်များ၊ ဆေးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်နည်းများ၊ တိုင်းရင်းဆေးပညာဖွံ့ဖြိုး တိုးတက်ရေးတို့ကို ပိုမိုတိုးတက်ခေတ်မီလာစေရန် နိုင်ငံတကာမှပညာရှင်များနှင့် ပူးပေါင်း သုတေသန လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အားပေးသွားမည်။
- အများပြည်သူ၊ အထူးသဖြင့် ချို့တဲ့သော နိုင်ငံသားများအတွက် ကျန်းမာရေးအာမခံ စီမံကိန်းများကို လက်ခံလူမှုဖူလုံရေးနှင့် ပူးပေါင်း လည်းကောင်း၊ သီးသန့်အားဖြင့်လည်းကောင်း ထူထောင်ရန် အားပေးမည်။
- ကျန်းမာရေးဆိုင်ရာ စာရင်းဇယား၊ သတင်းအချက်အလက် စုဆောင်းပြုစုရေးနှင့် ယင်းအချက်အလက်များ အပေါ်အခြေခံသည့် ကျန်းမားရေးစီမံခန့်ခွဲမှုစနစ် (Health Management Information System / HMIS ) ပေါ်ပေါက်စေရန် ဆောင်ရွက်မည်။
- ပုဂ္ဂလိကဆေးရုံဆေးခန်းများကို ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြုသွားမည်။
- ဆေးပညာသင်ကြားရေးစနစ်ကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်စေရန် ဆောင်ရွက်မည်။

## လူ ထု ဘ ဝ သက် သာ ချောင် ချိ ရေး ကဏ္ဍ

အများပြည်သူတို့၏ သက်သာချောင်ချိရေး၊ လူမှုဘဝလုံခြုံရေး၊ ဘဝအရည်အသွေး ပိုမိုကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စာပေအနုပညာ ယဉ်ကျေးမှုကဏ္ဍ စသည်တို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားရှိသမျှ ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်မည်။

အစိုးရကဦးဆောင် လူထုဘဝသက်သာချောင်ချိရေး လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်စေကာမူ ပုဂ္ဂလိက စေတနာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၏ ဆောင်ရွက်မှုတို့ကိုလည်း လိုလားစွာ အားပေးမည်။

- မသန်စွမ်းသူများအား အကြံပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ ရင်းနှီးစွာထိတွေ့ ဆွေးနွေး အားပေး ခြင်းတို့ကို ဦးဆောင်ဆောင်ရွက်မည်။
- ရေဘေး၊ လေဘေး မီးဘေး စသည့်သဘာဝ ဘေးအန္တရာယ်ဒဏ်ခံရသော ဒုက္ခသည်များအတွက်

ထိရောက်လျင်မြန်သော ကယ်ဆယ်ရေးလုပ်ငန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်မည်။

- သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်လာမည့် ဆိုးကျိုးများကို လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်နိုင်ရေး ပညာပေးစီမံကိန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်မည်။ (Disaster preparedness, Disaster risk reduction)
- အရွယ်မရောက်သေးသော မတရားဖိနှိပ်ခံ၊ စွန့်ပယ်ခံ ကလေးသူငယ်များအား ကူညီစောင့်ရှောက်ရေး၊
- လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးကူးသန်းရောင်း ဝယ်ရေးစသည့် နိုင်ငံ့အကျိုးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေသည်များ ပပျောက်ရေးကို အထူးတလည် အလေးထားဆောင်ရွက်မည်။

## လယ် ယာ လုပ် ငန်း ကဏ္ဍ

လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါအတိုင်း ဆောင်ရွက်မည်။

- တောင်သူလယ်သမား၊ လယ်ယာလုပ်ငန်းကဏ္ဍနှင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်ပျက်စီးစေမည့် လုပ်ငန်းကိစ္စရပ်များ၊ ရာသီဥတုဖောက်ပြန်နိုင်သော လုပ်ငန်းကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်သော ကိစ္စရပ်များ လေ့လာစိစစ် စနစ်တကျ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်သွားမည်။
- ဆန်စပါး အပါအဝင် လယ်ယာထွက်သီးနှံများ ဈေးနှုန်းကို ဈေးကွက်စီးပွားရေးနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးကြိတ်ခွဲ ရောင်းဝယ်ခွင့်ပြုမည်။
- ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်၊ ဆက်ခံပိုင်ခွင့် ရှိစေရမည်။
- မြေလွတ်မြေရိုင်းများ ဖော်ထုတ် လည်းကောင်း၊ မစိုက်ပျိုးနိုင်သော စိုက်ပျိုးမြေများကိုလည်းကောင်း၊ မြေမဲ့ ယာမဲ့ လယ်ယာလုပ်သားများနှင့် မူလမြေယာလုပ်ကိုင်ခွင့်ရ တောင်သူလယ်သမားများအား တရားဝင် လုပ်ကိုင်ခွင့် ချမှတ်ဆောင်ရွက်ပေးမည်။
- လက်ရှိ မိုးဖလာစိုက်ပျိုးရေးမှ အသေးစားစက်မှုလယ်ယာစနစ်သို့လည်းကောင်း အသေးစား စက်မှုလယ်ယာစနစ်မှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာစနစ်သို့လည်းကောင်း ဆင်ကဲပြောင်းလဲ ဆောင်ရွက်သွားမည်။
- မြန်မာ့စိုက်ပျိုးမြေဧရိယာတွင် စိုက်ပျိုးရေရရှိရေး၊ ရေလွှမ်းမိုးဖျက်စီးမှုကာကွယ်ရေး၊ ရေကို အကျိုးရှိရှိ စနစ်တကျ အသုံးချစီမံခန့်ခွဲရေး (Water Management)နှင့် ခေတ်မီစနစ်ကျသော လယ်/ယာမြေ တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲထိန်းသိမ်းရေး (Land Development & Land Improvement) လုပ်ငန်းများကို အဓိက ဆောင်ရွက်မည်။
- စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်း လယ်ယာထွက် ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေးလုပ်ငန်းရှင်များဖြင့် လည်းကောင်း၊ တောင်သူလယ်သမားထုဖြင့်လည်းကောင်း ဦးစားပေး ဆောင်ရွက်သွားမည်။
- တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ ပြဿနာအရေးကိစ္စရပ်များအား

တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် အမျိုးသားအရေးကို ကာကွယ်စောင့်ရှောက်သော၊ ညီညွတ်သော တောင်သူလယ်သမားအဖွဲ့များ၊ ဖွဲ့စည်းခွင့်အားပေးမည်။

## အ လုပ် သ မား ကဏ္ဍ

- အလုပ်သမားတိုင်းသည် တရားမျှတ လုပ်ပျော်သော အလုပ်ခွင်အခြေအနေ၊ လုပ်ခလစာရရှိခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ်ရရှိခွင့် ရှိစေရမည်။
- အလုပ်သမားတိုင်းသည် ခွဲခြားခြင်းမခံရစေဘဲ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေရခွင့် ရှိစေရမည်။
- အလုပ်သမားတိုင်းသည် မိမိအကျိုးခံစားခွင့်ကို ကာကွယ်ရန် အလုပ်သမားအစည်းအရုံးများ ဖွဲ့စည်းခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရှိစေရမည်။
- အဓမ္မအလုပ်စေခိုင်းခြင်းကို တားဆီးပိတ်ပင်မည်။
- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်( I L O )၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် ကြိုးပမ်းအားထုတ်သွားမည်။

## ကျောင်း သား လူ ငယ် ကဏ္ဍ

- လူငယ်များများသည် မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်၏ အဖိုးတန်ဆုံး အင်အားတစ်ရပ်အဖြစ်တည်ရှိကြသည်။
- နိုင်ငံ၏ အနာဂတ်ဖြစ်သော လူငယ်များ၏ စွမ်းရည်ဖော်ထုတ်ရေးကို ဦးစားပေးမည်။
- သမိုင်းတွင် ကျောင်းသားများ၏ကဏ္ဍကို အသိအမှတ်ပြုလျက် ကျောင်းသားသမဂ္ဂများကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ပြုမည်။
- အလုပ်အကိုင်သစ်များ ဖန်တီးပေးခြင်းဖြင့် လူငယ်များ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းမည်။

## တ ရား ရေး ကဏ္ဍ

- ပြစ်မှုများနှင့်စပ်လျဉ်း ပြည်ထောင်စုတရားလွှတ်တော်သည် အယူခံမှုပြင်ဆင်မှုတင်သွင်းရာ နောက်ဆုံးရုံးဖြစ်သည်။
- တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီသဘောတရားနှင့် ကိုက်ညီ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် တူညီသော အဆင့်အတန်းဖြင့် လွတ်လပ်စွာ ရပ်တည်စေရမည်။
- ပြည်ထောင်စုတရားလွှတ်တော်သည် မိမိ၏လက်အောက်ရှိ တရားရုံးများအား လွတ်လပ်စွာ ကွပ်ကဲပိုင်ခွင့်ရှိစေမည်။
- တရားသူကြီးများသည် ဥပဒေပြဋ္ဌာန်းချက်များကိုသာ လိုက်နာကျင့်သုံး လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ရှိစေမည်။

- အုပ်ချုပ်ရေးမဏ္ဍိုင်သည် မည်သည့်အထူးတရားခုံးကိုမျှ ဖွဲ့စည်းခြင်းမပြုရ။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဆက်နွယ်သော မည်သည့်အဖွဲ့အစည်းကိုမျှ တရားစီရင်ခွင့် အာဏာမအပ်နှင်းရ။
- ဥပဒေအရ ကန့်သတ်ချက်များမှအပ တရားစီရင်စစ်ဆေးခြင်းနှင့်တကွ ဆုံးဖြတ်ခြင်းများကို အများပြည်သူတို့၏ ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။
- ပြစ်မှုများတွင် စွပ်စွဲခံရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝပေးရမည်။ အယူခံပိုင်ခွင့်ရှိရမည်။ မည်သည့် ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်မှု မရှိစေရ။
- ဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခြင်း မရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟု မှတ်ယူရမည်။
- လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် စစ်ဆေးမှု၊ အပြစ်ပေးမှု၊ ပြစ်ဒဏ်ခံစားရမှုများ မပြုလုပ်စေရ။ အကျင့် စာရိတ္တ ပြုပြင်မှုကို ဦးတည်ရမည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောကဏ္ဍ

နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန် အောက်ပါမူဝါဒများနှင့်အညီ ဆောင်ရွက်သွားမည်။

- ရေရှည်ထိန်းနိုင်မည့် သစ်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်စောင့်ရှောက်ရေး၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် မီးသွေးဖုတ်ခြင်းကို တားဆီးရေး၊ သစ်တောများပြုန်းတီးမှု ရပ်တန့်စေရေးနှင့် သစ်တောများ ပြန်လည်စိုက်ပျိုးရေးတို့ကို နိုင်ငံတော်က ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ညှိနှိုင်းစီမံခန့်ခွဲမည်။
- မြေဆီလွှာထိန်းသိမ်းရေး၊ မြစ်ချောင်းအင်းအိုင်များ တိမ်ကောခမ်းခြောက်ခြင်းမှ ကာကွယ်ရေး၊ သဲကန္တာရဖြစ်လာခြင်းမှရပ်တန့်ရေး၊ ဆားမြေ၊ အက်စစ်မြေဖြစ်ခြင်းမှ တားဆီးရေးတို့အတွက် ဗဟိုမှ အောက်ခြေအထိ အဆင့်ဆင့်မှ ပါဝင်ဆောင်ရွက်စေရန် လှုံ့ဆော်ကြိုးပမ်းသွားမည်။
- ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် လူဦးရေထူထပ်မှုကြောင့် ဖြစ်ပေါ်လာမည့် သောက်သုံးရေ၊ စိုက်ပျိုးရေရှားပါးမှု ပြဿနာအတွက် ကြိုတင်ပြင်ဆင်သွားမည်။
- မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင်ကို အလေးအမြတ်ထား မြတ်နိုးသော ရိုးရာဓလေ့ ထုံးတမ်းယဉ်ကျေးမှုများကို ဖော်ထုတ်မြှင့်တင်မည်။
- မျိုးတုံးပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် ဇီဝမျိုးစိတ်များနှင့်စပ်လျဉ်း နိုင်ငံတကာကျွမ်းကျင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။ တောရိုင်းတိရိစ္ဆာန်များ တရားမဝင်တင်ပို့ရောင်းချနေခြင်းများကို ထိရောက်စွာ တားဆီးဆောင်ရွက်သွားမည်။
- သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချရာတွင် တန်ဘိုးမြင့် ကုန်ချော အဖြစ် တင်ပို့နိုင်ရန် အားပေးသွားမည်။

## ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ

(က) ကုန်ဈေးနှုန်းများ ကျဆင်းရေးကို ရှေးရှု ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရန်၊ ပို့ဆောင်ရေး ကဏ္ဍကို အတတ်နိုင်ဆုံး ပြုပြင်တိုးချဲ့သွားမည်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုနောက်ကျနေသော ဒေသများ ဖွံ့ဖြိုးအောင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်တိုးချဲ့သွားမည်။

(ဂ) ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန် လိုအပ်သလို ပြုပြင်တိုးချဲ့သွားမည်။ တိုင်းရင်းသားနယ်မြေများကို အထူးအလေးထားရမည်။

## အုပ် ချုပ် ရေး ကဏ္ဍ

- အုပ်ချုပ်ရေးနှင့်စပ်လျဉ်း ဖွံ့ဖြိုးတိုးတက်မှုအတွက် တရားဥပဒေစိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံသော၊ အကျင့်ပျက်မှုကင်းသော၊ ထက်မြက်ထိရောက်သော၊ မျှတ တစ်မျိုးသားလုံးပါဝင်နိုင်သော အုပ်ချုပ်မှုယန္တရားတစ်ရပ်ဖြစ်ပေါ်ရန် တည်ဆောက်မည်။

## ကာ ကွယ် ရေး နှင့် လုံ ခြုံ ရေး ကဏ္ဍ

- တပ်မတော်သည် နိုင်ငံတွင် မှီမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်သည် ဒီမိုကရေစီကျင့်စဉ်များကို ကာကွယ်ဖြည့်ဆည်းပေးသည့်၊ ဂုဏ်သိက္ခာရှိသော အင်အားစုဖြစ်ရမည်။
- နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပထဝီသဘောသဘာဝ အခြေအနေများနှင့်ကိုက်ညီသော မဟာဗျူဟာအရ စစ်ရေးစွမ်းရည်ထက်မြက် နည်းပညာပိုင်းဆိုင်ရာတိုးတက်သော တပ်မတော်အဖြစ် ခေတ်မီအဆင့်အတန်း မြင့်မားအောင် တည်ဆောက်သွားမည်။
- တပ်မတော်နှင့် နိုင်ငံတော်ကာကွယ်ရေး ယန္တယားတစ်ရပ်လုံးသည် အုပ်ချုပ်ရေးမဏ္ဍိုင်ထဲ၌သာ တည်ရှိနေရမည်။
- ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကိုခံရပြီး ပြည်သူချစ်သော တပ်မတော်ကြီးအသွင်ဆောင်ကာ ရပ်တည်ရမည်။
- တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့သည် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။
- မိမိတို့၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန်အတွက် နိုင်ငံတကာအရည်အသွေးမီသည့် ရဲတပ်ဖွဲ့ဖြစ်စေရန် ဦးတည်မည်။

## နိုင် ငံ ရေး ဝါ ဒ သ ဘော တ ရား နှင့် လုပ် ငန်း စဉ် များ ကို ပြင် ဆင် ခြင်း

- နိုင်ငံလုံးဆိုင်ရာညီလာခံတွင် ဗဟိုကော်မတီ၏ သုံးပုံနှစ်ပုံဆန္ဒမဲဖြင့် နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်များကို ပြင်ဆင်နိုင်သည်။
- နိုင်ငံလုံးဆိုင်ရာညီလာခံ ကျင်းပခြင်းမပြုနိုင်သည့် ကာလများတွင် နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်များကို လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြင်ဆင်နိုင်ခွင့်ရှိသည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို အနီးကပ်ဆုံးညီလာခံတွင် တင်ပြအတည်ပြုရမည်။